# Gmail file တွေကို Back up လုပ်ဖို့

Gmail file တွေကို စက်ထဲမှာ သိမ်းထားဖို့ စဉ်းစားမိတယ်ဆိုရင် ဘယ်လိုလုပ်ရမလဲဆိုတာ အကြံပြုလိုက်ပါတယ်။ Gmail backup ကို *go.pcworld.com/gmailbackup* ကတဆင့် အခမဲ့ရယူနိုင်ပါတယ်။ လွန်ခဲ့တဲ့ ၃ နှစ်ကတည်းက ထွက်လာတာဆိုပေမဲ့ ဒီနေ့အထိ အသုံးဝင်နေဆဲဖြစ်ပါတယ်။

Install လုပ်ပြီး စဖွင့်လိုက်တာနဲ့ backup မလုပ်ခင် form တစ်ခု တက်လာပါမယ်။ လိုအပ်တဲ့ အချက်တွေဖြည့်ပြီးရင် backup စလုပ်နိုင်ပါပြီ။ 1 GB data ကို download လုပ်ဖို့ ပထမဦးဆုံး အကြိမ်မှာ ၃ နာရီလောက်ကြာပါတယ်။ အဲ့နောက်ပိုင်း backup တွေမှာတော့ ဒီလောက်မကြာတော့ဘဲ မြန်ဆန်လာပါတယ်။ အချိန်ကုန်သက်သာစေဖို့ Newest emails only option ကို check လုပ်ထားပါ။

Gmail backup က message တွေကို .eml file အနေနဲ့ ခွဲခြားသိမ်းထားနိုင်ပါတယ်။ သူ့ file တွေကို outlook express ၊ Windows mail ၊ Windows live mail တွေနဲ့ ဖွင့်နိုင်ပေမဲ့ out look နဲ့တော့ မဖွင့်နိုင်ပါဘူး။ ဒီ program တွေ တစ်ခုမှမရှိ ဘူးဆိုရင် MiTec Mail Viewer ကို *go.pcworld.com/mitec* ကတဆင့် အခမဲ့ရယူသုံးစွဲနိုင်ပါတယ်။




Gmail Backup နဲ့ backup လုပ်နိုင်ပါတယ်

.eml file တွေကို backup လုပ်တဲ့အခါမှာ gamil label တွေ ပျောက်သွားတာတွေ့ရပါတယ်။ Label တွေ ပျောက်သွားရင်တော့ email တွေကို organize လုပ်ဖို့ ခက်ခဲမှုတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒီအပြင် gamil conversation တွေမှာလည်း အခက်အခဲတွေ့ရမှာပါ။ အရေးပေါ်ရှာဖွေတဲ့အခါမှာတော့ လွယ်ကူမှုမရှိတာကို တွေ့ရပါတယ်။

ကောင်းမြတ်ထွဋ်